## ၂၀၀၆ ခုနှစ်၊ စင်ကာပူ သင်္ကြန်ပွဲ

ဧပြီ ၉ ရက်နေ့မှာတော့ ကျင်းပနေကျ သင်္ကြန်ကို စင်ကာပူက တိုပါးရိုး မြန်မာ ဘုန်းကြီးကျောင်း (Burmese Buddhist Temple) မှာဆောင်ရွက်ပြီးသွားပါပြီ။  ထုံးစံအတိုင်း စည်စည်ကားကားပါဘဲ။

စင်ကာပူက ဒီမိုကရေစ်အရေး လှုပ်ရှားသူ လူငယ်များကလည်း ဒေါ်အောင်ဆန်းစုကြည် တီရှပ် ဝတ်ပြီး၊ ဒီမိုကရေစီ နှိုးဆော်စာများ ဝေငှကြပါတယ်။ ထူးခြားတာကတော့ မြန်မာလူမျိုးများ အတွက်အချိန်ပေးနားထောင်ဖို့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိန့်ခွန်းတွေထဲက ကောင်းနိုးရာရာတွေကို စီဒီ အဖြစ် အခမဲ့ ဝေငှနိုင်ခြင်းပါဘဲ။ “ထလော့ မြန်မာ  အိုမြန်မာတို့ “  လို့ ခေါင်းစဉ်တပ်ထားပြီး အိုးဝေ (စင်ကာပူ) လို့ တဆိပ်တပ်ထားပါတယ်။ ကော်ပီလိုချင်သူများ   dassk-supporters@yahoogroups.com  ဆီကိုမှာကြားနိုင်ပါတယ်။



ဧပြီမှာကျင်းပနေကျ ပေါ်လီကျောင်းသားများ သင်္ကြန်လည်း၊ မေလမှာဘဲ ကျင်းပတော့မယ်ကြားရပါတယ်။ စင်ကာပူက မြန်မာဆိုင်များစုရပ်  ပင်နီစွဲလား ပလာဇာ မှာတော့ နောက်တပတ်တနင်္ဂနွေနေ့၊ ဧပြီ၁၆ ရက်နေ့မှာ စုပေါင်း စတုဒိသာ ကျွေးမွေး၊ ပျော်ပွဲများ လုပ်ကြမယ်လို့ သိရပါတယ်။

## စက်မှုတက္ကသိုလ်ကျောင်းသားဟောင်းများ သင်္ကြန်ပွဲ




ဧပြီလ ၉ ရက်နေ့က  သင်္ကြန်ပွဲတော်ကို **NTUC center** မှာ ကျင်းပသွားတာ အဆို၊ အက၊ အတီးများ နဲ့ မြိုင်မြိုင်ဆိုင်ဆိုင်ပါဘဲ။ ပေါ်လီတက်ကနစ် လူငယ်များကလည်း ပါဝင် ကပြကြတော့၊ ဦးလေးကြီး၊ ဒေါ်ဒေါ်ကြီးများချည်း လုံးဝဖြစ်မသွားပါဘူး။  စက်မှုတက္ကသိုလ် ကျောင်းသားဟောင်းအများစုကတော့ မိတ်ဆွေဟောင်းတွေတွေ့ရအောင်သွားကြပေမဲ့ ယခင်နှစ်များလို ပျော်စရာမကောင်းတော့ဘူးလို့ပြောကြပါတယ်။ **NTU (Nanyang Technological University)** လို လူစုဝေးလို့ကောင်းတဲ့ နေရာမှာ နှစ်စဉ်ကျင်းပနေကျကနေ ဒီနှစ်တော့ သီးသန့်အခန်းငှားကျင်းပသွားကြပါတယ်။

ဒီနှစ်မှာတော့ တမျိုးထူးပြီး စင်ကာပူက မြန်မာကလပ်နဲ့ အတူပူးတွဲကျင်းပသွားတော့ စက်မှုတက္ကသိုလ်ကျောင်းသားဟောင်းတော်တော်များများ မကျေမနပ်ဖြစ်ရတာပေါ့။   မြန်မာကလပ် (စင်ကာပူ) ဆိုတာ မြန်မာလူမှုရေးအသင်းပါဘဲ၊ ခက်တာက မြန်မာသံအမတ်ကြီးကို နာယကသဘောနဲ့၊ လှုပ်ရှားနေတဲ့ အသင်းဆိုတော့ တချို့သဘောထာပြင်းထန်တဲ့ စင်ကာပူ ဒီမိုကရေစီလှုပ်ရှားသူများက ကြံ့ဖွတ် (စင်ကာပူ) လို့ သရော်ပြောဆိုကြပါတယ်။ စက်မှုတက္ကသိုလ်ရဲ့ ဂုဏ်ရောင်ကို မှေးမှိန်စေတဲ့ ၂၀၀၆ သင်္ကြန်ပွဲလို့ပြောကြပါတယ်။ ယခင်နှစ်များက ပေါ်လီကျောင်းသားများရဲ့ စင်ကာပူသင်္ကြန်ပွဲတော်ဟာ သံအမတ်ကြီးကိုဖိတ်ကြားခဲ့သော်လည်း၊ မြန်မာနိုင်ငံရဲ့ ဖြစ်ရပ်မှန်များကို ရဲရဲဝံ့ဝံ့ တင်ပြ၊ ပြောဆိုသွားကြတာ လေးစား အားရစရာပါ။

ထောင်နဲ့ချီတဲ့ စင်ကာပူရောက် စက်မှုတက္ကသိုလ်ကျောင်းသားဟောင်းများကို ကိုယ်စားပြုဖို့ဆိုတာ ပွဲဖြစ်မြောက်ရေးကော်မတီအတွက် မလွယ်လှပါဘူး။ သံအမတ်ကြီးမပါဘဲ လုပ်လို့မရဘူးလားဆိုတော့လည်း၊ စက်မှုတက္ကသိုလ် ဆရာဟောင်း တယောက်က ဂါရဝ ဆိုတာရှိသေးတယ် လို့ပြောပါတယ်။ တချို့က ကော်မတီအဖွဲ့မှာလည်း လူငယ်တွေကို တဝက်မပါတောင် သုံးပုံ တပုံ လောက် တော့ နေရာပေးသင့်တယ် လို့လည်း ပြောကြပါတယ်။ သို့သော်လည်း ဖြစ်မြောက်အောင်ကျင်းပသွားကြတာကိုတော့ ချီးကျူးစရာပါ။

စင်ကာပူရောက် စက်မှုတက္ကသိုလ်ကျောင်းသားဟောင်း အများစုကတော့ မြန်မာစစ်အာဏာရှင်များနဲ့ ကင်းပြီး၊ သီးခြား လွတ်လပ်တဲ့သင်္ကြန်ပွဲတော်ကို ကျင်းပနိုင်မဲ့ ကော်မတီမျိုး၊ ပုဂ္ဂိုလ်မျိုးကို စောင့်စားမျှော်လင့်လျက်ပါ။

မောင်မောင်စလုံး။
၁၂။ ဧပြီလ။ ၂၀၀၆